ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာမှ UK နိုင်ငံ၊ London မြို့တွင်ကျင်းပသည့် (၇၅) ကြိမ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားခြင်း။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့

ချစ်ခင်လေးစားအပ်ပါသော UK နိုင်ငံ၊ London မြို့ရှိ မြန်မာအဖွဲ့အစည်းနှင့် ချင်းပြည်သူများအားလုံး မင်္ဂလာပါ။ (၇၅) ကြိမ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားတွင် ဖိတ်ကြားသည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။ (၇၅) ကြိမ်မြောက် ချင်းအမျိုးသားနေ့သည် ဗြိတိသျှအုပ်ချုပ်ရေးမှ မြန်မာနိုင်ငံလွတ်လပ်ရေးကို အသက်သွင်းပေးသော လွတ်လပ်ရေးစာချုပ်နှင့် သမိုင်းဝင်စာချုပ်ဖြစ်သည့် (၇၆) ကြိမ်မြောက် ပင်လုံစာချုပ် ချုပ်ဆိုသောနေ့နှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ ချင်းပြည်နယ်သည် ဗြိတိသျှကိုလိုနီခေတ် မတိုင်ခင်ကတည်းကပင် သူ့စော်ဘွားနှင့်သူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့် အပြည့်အဝဖြင့် ရာစုနှစ်ပေါင်းများစွာ နေလာခဲ့သော ပြည်နယ်ဖြစ်ပြီး ချင်းသမိုင်းတွင် ဗြိတိသျှအုပ်ချုပ်ရေးကလွဲပြီး အခြားပြင်ပမှ အုပ်ချုပ်ခြင်း မရှိခဲ့ပေ။

လွန်ခဲ့သော (၇၅)နှစ်အတွင်း ဖက်ဒရယ်ဒီမိုကရက်တစ်တန်ဖိုးနှင့် အနှစ်သာရများ အပေါ်အခြေခံသည့် ပင်လုံစာချုပ်ကို ချင်းပြည်နယ်တွင် အကောင်အထည်ဖော်ခဲ့လျှင် ချင်းပြည်နယ်သည် UK နိုင်ငံရှိပြည်နယ်များ့ကဲ့သို့လည်းကောင်း၊ ဟောင်ကောင် (Hong Kong) ဒေသနှင့် စင်ကာပူနိုင်ငံ (Singapore) ကဲ့သို့လည်းကောင်း ဖြစ်နိုင်ချေ အပြည့်အဝရှိသည့် ပြည်နယ်ဖြစ်သော်ငြားလည်းပဲ (၇၅)နှစ်အတွင်း ပင်လုံစာချုပ်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့ခြင်းနှင့် ခေတ်အဆက်ဆက် အာဏာရှင်တို့၏ ရက်စက်ယုတ်မာခြင်းကြောင့် ယနေ့ချင်းပြည်နယ်သည် မြန်မာနိုင်ငံမှာ အဆင်းရဲဆုံး ပြည်နယ်ဖြစ်လာပြီး မြန်မာနိုင်ငံသည်လည်း ကမ္ဘာမှာ အဆိုးရွားဆုံးဖြစ်သည့် မြောက်ကိုရီးယား(North Korea) ထက် ပိုမိုဆိုးရွားသော အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါသည်။ ယနေ့ချင်းလူမျိုးများသည် (၇၅)နှစ်အတွင်း ဖက်ဒရယ်ဒီမိုကရေစီ၏အနှစ်သာရနဲ့ ချမ်းသာကြွယ်ဝမှုကို ကျင်းပနေရမည့်အစား၊ (၇၅)နှစ်အတွင်း ရက်စက်ကြမ်းကြုတ်သော စစ်အာဏာရှင်များ၏ ဖိနှိပ်ချုပ်ချယ်ခြင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ကတိကဝတ်များ၊ တန်ဖိုး အနှစ်သာရများအားလုံးကို တိုက်ခိုက်ဖျက်ဆီးခြင်းကိုသာ ခံစားနေရပါသည်။ အာဏာရှင်များ၏ ရက်စက်ယုတ်မာခြင်းကြောင့် ချင်းပြည်နယ်သည် ပင်လုံစာချုပ်ပါ အခွင့်အရေးအားလုံးကို ဆုံးရှုံးသွားခဲ့ပြီး ယနေ့တွင် မြန်မာနိုင်ငံ၏ တရားဝင် အဆင်းရဲဆုံးပြည်နယ်ဖြစ်လာသည်သာမက အာဏာရှင်များ၏ လူမျိုးတုံး တိုက်ခိုက်ခြင်းကြောင့် ချင်းလူမျိုးများသည် လူမျိုးတုံးနိုင်ခြေရှိသည့် အနေအထားကို ရောက်ရှိနေပြီဖြစ်ပါသည်။ ဤကဲ့သို့ ချင်းလူမျိုးတို့၏ လွတ်လပ်ရေးနှင့် ဒီမိုကရေစီကို အတိုက်အခိုက်ခံနေရသော်လည်း ချင်းပြည်သူများ၏ ဖက်ဒရယ်ဒီမိုကရေစီ သံဓိဋ္ဌာန်သည် ခိုင်မြဲလှသည်။

မြန်မာပြည်သူလူထုနှင့် ယူကရိန်းပြည်သူလူထုသည် လွတ်လပ်ရေးနှင့် ဒီမိုကရေစီအရေး၏ရှေ့မှာ တစ်ညီတစ်ညွတ် တည်းရပ်တည်နေပြီး လွတ်လပ်ရေးနှင့် ဒီမိုကရေစီအရေးအတွက် ယူကရိန်းပြည်သူလူထုများသည် ဥရောပတိုက်မှာ တိုက်ပွဲဝင် တော်လှန်နေသကဲ့သို့ မြန်မာပြည်သူလူထုများသည်လည်း အာရှတိုက်မှာ အလွန်ဆိုးရွားသော စစ်အာဏာရှင်များကို တော်လှန်နေပါသည်။ အရေးတော်ပုံအောင်ပွဲသည် မြန်မာပြည်သူလူထုနှင့် ယူကရိန်းပြည်သူလူထုတို့၏လက်ထဲမှာ ရောက်ရှိနေပြီဖြစ်ပါသည်။

လွန်ခဲ့သော (၂၄)လအတွင်း ရက်စက်ယုတ်မာသော အကြမ်းဖက်စစ်အာဏာရှင်များသည် အပြစ်မဲ့ပြည်သူလူထုအပေါ် အကြိမ်ပေါင်း(၉)ထောင်ထက်မနည်း အကြမ်းဖက်တိုက်ခိုက်ခြင်းကြောင့် အပြစ်မဲ့ပြည်သူလူထု (၃)ထောင်ထက်မနည်း အသက်များဆုံးရှုံးသွားခဲ့ရပါသည်။ ဒီမိုကရေစီနည်းဖြင့် လူထုရွေးကောက်တင်မြှောက်ထားသော သမ္မတကြီးဦးဝင်းမြင့်၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အပြစ်မဲ့ပြည်သူလူထု (၂)သောင်းကျော်ကိုလည်း မတရားဖမ်းဆီးချုပ်နှောင်ထားပြီး လူနေအိမ်၊ စာသင်ကျောင်း၊ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းအပါအဝင် ပြည်သူလူထု၏ အိုးအိမ်ပေါင်း (၅)သောင်းကျော်ကို ရက်ရက်စက်စက် ဗုံးကြဲတိုက်ခိုက် မီးရှို့ဖျက်စီးခြင်းများ ပြုလုပ်ခဲ့ပါသည်။ နေ့စဉ်နှင့်အမျှ လူ့အခွင့်အရေး ချိုးဖောက်ခြင်းများနှင့်အတူ စစ်ရာဇဝတ်မှုကို ကျူးလွန်လျှက်ရှိပါသည်။ အကြမ်းဖက်စစ်အာဏာရှင်များသည် မြန်မာပြည်သူလူထုအပေါ် စစ်ကြေငြာပြီး ရက်စက်ယုတ်မာစွာ လူမဆန် အကြမ်းဖက်တိုက်ခိုက်ခြင်းကြောင့် ပြည်သူလူထု (၁.၆)သန်းထက်မနည်း ဒုက္ခသည်ဘဝမှာ ဆင်းရဲနွမ်းပါးမှုပေါင်းများစွာ ခံစားနေရပါသည်။ ၂၀၂၀ ခုနှစ်မှာ လူဦးရေ (၁)သန်းအောက် လူသားချင်းစာနာ ထောက်ထားရေးအကူအညီ လိုအပ်သည်မှ ယနေ့ ၂၀၂၃ခုနှစ်တွင် မြန်မာနိုင်ငံလူဦးရေ (၁၇)သန်းကျော်သည် အငတ်ဘေးနှင့် ရင်ဆိုင်နေရပြီး လူသားချင်းဆိုင်ရာ စာနာထောက်ထားရေးအကူအညီများ မြောက်များစွာလိုအပ်နေသည့် အခြေအနေကို ဆိုးရွားစွာရောက်ရှိလာခဲ့ပါသည်။ မြန်မာနိုင်ငံလူဦးရေတဝက်ခန့်သည် အလွန်ဆင်းရဲနွမ်းပါးမှုအောက်အခြေအနေကို ရောက်ရှိနေပြီဖြစ်ကာ မြန်မာပြည်သူ (၃)ယောက်တွင် (၁)ယောက်မှာ ဝတ်မွတ်ခေါင်းပါးသည့်အခြေအနေ ရောက်ရှိနေပြီး တစ်တိုင်းပြည်လုံး အလွန်ဆိုးရွားသောဒုက္ခကို ခံစားနေရပြီဖြစ်ပါသည်။ အကြမ်းဖက်စစ်အာဏာရှင်များသည် စစ်လက်နက်သာမက ငတ်မွတ်ခေါင်းပါးခြင်း၊ ရောဂါနှင့် ဆင်းရဲဒုက္ခပေါင်းများစွာကို လက်နက်သဖွယ်အသုံးပြုပြီး မြန်မာပြည်သူထူထုကို အကြမ်းဖက် တိုက်ခိုက်လျှက်ရှိပါသည်။

ကျွန်တော်တို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့် မြန်မာ့သမိုင်း၏ အမှောင်ဆုံးကာလမှာ UK အစိုးရနှင့် လွှတ်တော်အမတ်များ၏ မြန်မာနိုင်ငံအပေါ်ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများနှင့် ခိုင်မာသော ရပ်တည်မှုများအတွက် အလွန်ကျေးဇူးတင်ပါသည်။ ၂၀၂၂/၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံကို လူသားချင်းစာနာမှု အကူအညီများပေးဖို့ရန်အတွက် ပေါင် (၄၅) သန်း ရက်ရက်ရောရောလှူဒါန်းခြင်းအပေါ် မြန်မာပြည်သူလူထုကိုယ်စား အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ UK အနေဖြင့် G7 ၏ ဥက္ကဋ္ဌ (Presidency)မှတဆင့် မြန်မာနိုင်ငံရှိ အကြမ်းဖက်စစ်

ကောင်စီအား ထိရောက်ပြီး ပြင်းထန်သည့် နိုင်ငံတကာတုံ့ပြန်မှုများတွင် ခေါင်းဆောင်မှုပေးသည့်အတွက် အလွန်ကျေးဇူးတင်ပါသည်။ မြန်မာနိုင်ငံ၏ အခြေအနေနှင့် ပတ်သက်ပြီး မြန်မာ့သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် UN Security Council က ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဦးဆောင်ကူညီပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ မြန်မာနိုင်ငံရှိ လူသတ်အကြမ်းဖက် စစ်ကောင်စီများထံ စစ်လက်နက်စီးဆင်းမှုများကို ကာကွယ်ဖြတ်တောက်နိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံများကို စုစည်းနိုင်ခြင်းအတွက် UK ကိုအထူးကျေးဇူးတင်ပါသည်။ လူမျိုးတုံးသတ်ဖြတ်သည့် စစ်တပ်အပေါ် လက်နက်ရောင်းချမှုနှင့် ပတ်သက်ပြီး ရှုတ်ချသည့် အကြောင်းကို ကမ္ဘာ့နိုင်ငံပေါင်း (၄၇)နိုင်ငံမှ ထိရောက်သော ထုတ်ပြန်ကြေညာချက်ထုတ်နိုင်ခြင်း၊ UN Human Rights Council နှင့် UN General Assembly တို့တွင် မြန်မာအပေါ် ရပ်တည်ချက် ခိုင်ခိုင်မာမာ ပြသခြင်းကြောင့် ကျေးဇူးတင်ပါသည်။ လူမျိုးတုံးသတ်ဖြတ်သည့် စစ်တပ်ကို စစ်လက်နက်များ ပံ့ပိုးပေးသည့် စစ်တပ်ပိုင် ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများအပါအဝင် စစ်တပ်နှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများအားလုံး၏ ငွေကြေးစီးဆင်းမှု ဖြတ်တောက်ခြင်းနှင့် စစ်ခေါင်းဆောင်များအား ဒဏ်ခတ်အရေးယူပိတ်ဆို့ခြင်းအတွက် ကျေးဇူးတင်ပါသည်။

သို့သော် ဤဒဏ်ခတ်ပိတ်ဆို့မှုများသည် မလုံလောက်သေးကြောင်း ဝမ်းနည်းစွာဖြင့် တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာစစ်အာဏာရှင်များ၏ ကွန်ယက် (Network) များသည် ကြီးမားကျယ်ပြန့်လှပြီး သူတို့သည် ဒဏ်ခတ်ပိတ်ဆို့ခြင်းနှင့် ကန့်သတ်ခြင်းများကို မသမာသောနည်းလမ်းများဖြင့် ရှောင်ရှားမည်ကို ကျွန်တော်တို့သိပါသည်။ အကြမ်းဖက်စစ်ခေါင်းဆောင်များ၏ မဟာမိတ်များသည် သူတို့ကို ဆက်လက်ကူညီနေပြီး အကြမ်းဖက်ခြင်းများ ပိုမိုပြင်းထန်လာအောင် စစ်ခေါင်းဆောင်များကို လက်နက်များထောက်ပံ့ခြင်း၊ အကူအညီပေးခြင်းများ ပြုလုပ်နေသဖြင့် သူတို့နှင့် သူတို့၏ မဟာမိတ်များသည် ပိုမိုဆိုးရွားသော အာဏာရှင်စနစ်အသစ်ကို ဖော်ဆောင်ရန်ကြိုးစားနေပါသည်။ သို့သော် သူတို့ကျရှုံးသွားပါလိမ့်မည်။ အောင်မြင်ခြင်းသည် ရဲရင့်သတ္တိရှိသော မြန်မာပြည်သူလူထုနှင့် အတူရှိသည်။ မြန်မာပြည်သူလူထု (၅၄)သန်းကျော်၏ အနာဂတ်သည် မြန်မာပြည်သူလူထု၏ လက်ထဲ၌သာရှိသည်။ သို့သော် လက်ရှိတွင် ပြည်သူတို့၏ ကံကြမ္မာသည် အကျပ်အတည်း တစ်ခုကြားတွင် ကျရောက်နေပါသည်။ အကယ်၍ အရေးတော်ပုံကြီးသည် ခရီးအဆုံးအထိမရောက်ပဲ လမ်းခုလတ် ခရီးတစ်ဝက်အထိသာဖြစ်ခဲ့လျှင် မြန်မာပြည်သူလူထုကြီးသည် သူတို့၏ နေအိမ်၊ ရပ်ရွာ၊ မြို့ များထဲတွင်ပင် ရက်စက်ယုတ်မာသော စစ်အာဏာရှင်များ၏ ကျေးကျွန်များ ဖြစ်သွားကြလိမ့်မည် ဖြစ်သည်။ စစ်အာဏာရှင်များသည် နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုများကို ခိုးယူသည်မျှမကပဲ နှစ်ပေါင်းများစွာ မြန်မာပြည်သူလူထုကို အတင်းအဓမ္မ ကျွန်ပြုပြီး သူတို့၏ ချမ်းသာကြွယ်ဝမှုများကို တည်ဆောက်လာခဲ့ပြီး ယနေ့တွင် မြန်မာနိုင်ငံသည် သူတို့၏ ရှေ့မှောက်မှာ လောင်ကျွမ်းလျှက်ရှိပါသည်။

ထို့ကြောင့် UK နိုင်ငံသည် မြန်မာပြည်သူလူထုကို လိုအပ်သော အကူအညီများပေးရန် များစွာလိုအပ်နေပြီး မြန်မာပြည်သူများ၏ ဖက်ဒရယ်ဒီမိုကရေစီအိပ်မက်ကို ဆက်လက်ရှင်သန်ဖို့ အကောင်အထည်ဖော်ဆောင်ရာတွင် UK နိုင်ငံသည် မြန်မာနိုင်ငံအတွက် အရေးကြီးသော နိုင်ငံဖြစ်သည်။ UK နိုင်ငံသည် ကျွန်တော်တို့ ပြည်သူလူထုအများအပြားအတွက် ယနေ့ခေတ်အတွင်သာမကပဲ နောင်လာနောင်သား ခေတ်အဆက်ဆက်အတွက်ပါ မျှော်လင့်ခြင်း၊ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်းနှင့် ဒီမိုကရေစီကို ကိုယ်စားပြုနေပြီး၊ ပိုမိုကောင်းမွန်သောဘဝနှင့် မျှော်လင့်ခြင်းများစွာကိုပေးသောနိုင်ငံလည်း ဖြစ်ပါသည်။ အကြမ်းဖက်စစ်အာဏာရှင်များသည် ကျွန်တော်တို့ ပြည်သူလူထုများကို ရာစုနှစ်ပေါင်းများစွာ အကြမ်းဖက်ခြင်း၊ ရက်စက်ယုတ်မာခြင်း၊ လူမျိုးတုံးတိုက်ခိုက်ခြင်း၊ ကျွန်တော်တို့၏ စာပေနှင့် ယဥ်ကျေးမှုအမွေအနှစ်များ၊ ယုံကြည်ခြင်းနှင့် လွတ်လပ်ခွင့်များကို တိုက်ရိုက် တိုက်ခိုက်ခြင်းများကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခဲ့ကြပါသည်။ ကျွန်တော်တို့အလိုအပ်ဆုံးသောအချိန်တွင် လက်ကမ်းကူညီဖေးမပေးကြသောနိုင်ငံနှင့် လူထုအားလုံးကို ထာဝရကျေးဇူးတင်ရှိပြီး အကြမ်းဖက်စစ်အာဏာရှင်များ၏ အကြမ်းဖက်တိုက်ခိုက်ခြင်း အမျိုးမျိုးမှ အသက်အန္တရာယ်လွတ်မြောက်လာကြသော ဒုက္ခသည်အများအပြားကို နေရာထိုင်ခင်းများ စီစဥ်ပေးပြီး လက်ခံကြည့်ရှုစောင့်ရှောက်ပေးကြသည့်အတွက်ကြောင့်အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ သို့သော် ကျွန်တော်တို့သည် ဒုက္ခသည်ဖြစ်ရန် လုံးဝဆန္ဒမရှိသလို၊ ကျွန်တော်တို့သည် အမိပြည်အမိမြေမှာ တိုက်ခိုက်ခြင်းခံခဲ့ရသည့်အတွက် ဆက်လက်ရှင်သန်၍ မရတော့သည့်အနေအထားကို ရောက်ရှိနေပါသည်။ ကျွန်တော်တို့သည် တည်ငြိမ်အေးချမ်းသောချင်းပြည်၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးသော ချင်းပြည်၊ လူ့အခွင့်အရေးနှင့် ပြည့်ဝနေသော ချင်းပြည်ကို ပြန်လည်တည်ဆောက်သွားရန်အတွက် အခိုင်အမာ သံဓိဌာန် ချပြီးဖြစ်ပါသည်။ ယုတ်မာသော စစ်အာဏာရှင်များ၏ အကြမ်းဖက်တိုက်ခိုက်ခြင်းများ၊ ဗုံးကြဲတိုက်ခိုက်ခြင်းများ၊ လူမျိုးတုံးတိုက်ခိုက်ခြင်းများ၊ ဆာလောင်ငတ်မွတ်ခေါင်းပါးခြင်းများအားလုံး မရှိတော့ပဲ ချင်းပြည်သူလူထုများသည် ငြိမ်းချမ်းရေး လေကို လွတ်လပ်စွာ ရှုရှိုက်ပြီး ဖွံ့ဖြိုးတိုးတက်သောဘဝကို အပြည့်အဝရယူနိုင်သည့် ချင်းပြည်အသစ်ကို ကျွန်တော်တို့ တည်ဆောက်ရန် အခိုင်အမာ သံဓိဌာန်ချပြီး ဖြစ်ပါသည်။ ကျွန်တော်တို့ ရင်ဆိုင်နေရသော အကြမ်းဖက် စစ်အာဏာရှင်များသည် လူမဆန်ခြင်းနှင့် နယ်နိမိတ်စည်း အကန့်အသတ်မရှိသော ရက်စက်ခြင်းများကို ပိုမိုကျူးလွန်လျှက်ရှိပြီး သူတို့ ရှုံးနိမ့်လေလေ သူတို့၏ ရက်စက်ယုတ်မာခြင်းက ပြင်းထန်မြင့်တက်လေဖြစ်သည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကျွန်တော်တို့ မြန်မာပြည်သူလူထုကို တရားမျှတမှုရရှိစေရန်နှင့် လူသားချင်းစာနာထောက်ထားမှုများအတွက် အကူအညီပေးနိုင်ရန် UK နိုင်ငံကို မေတ္တာရပ်ခံလိုပါသည်။

UK နိုင်ငံသည် အနောက်နိုင်ငံတွင် ဦးဆောင်သော အင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်သည်သာမကပဲ EU ၊ US တို့နှင့် မဟာမိတ်နိုင်ငံဖြစ်ပြီး၊ အပြည်ပြည်ဆိုင်ရာတွင် မရှိမဖြစ် အရေးပါသော နိုင်ငံတစ်နိုင်ငံ၊ G7 အဖွဲ့တွင် ခေါင်းဆောင်နိုင်ငံ၊ UN Security Council ၏ အမြဲတမ်းအဖွဲ့ဝင်နှင့် Penholder နိုင်ငံဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့် သမိုင်းကြောင်းများစွာရှိထားသည့် နိုင်ငံလည်းဖြစ်နေသောကြောင့် မြန်မာနိုင်ငံအရေးကို ပူးပေါင်းဆောင်ရွက် ကူညီဖြေရှင်းရာတွင်

အရေးကြီးသောနိုင်ငံ ဖြစ်နေပါသည်။ ဤမြန်မာ့နွေဦးတော်လှန်ရေးသည် မြန်မာနိုင်ငံ၏ အနာဂတ်တစ်ခုတည်းအတွက် သာမဟုတ်ပါ။ ဤတော်လှန်ရေးကြီးသည် အရှေ့တောင်အာရှဒေသ (South East Asia) တစ်ဝန်းလုံးမှာ ဖက်ဒရယ်ဒီမိုက ရေစီနှင့် လူ့အခွင့်အရေးများကို တိုက်ရိုက်တိုက်ခိုက် ဖျက်ဆီးနေသည့် ရက်စက်ယုတ်မာသော စစ်အာဏာရှင်များ အားလုံးကို တော်လှန်နေသည့် အရေးတော်ပုံကြီးလည်း ဖြစ်ပါသည်။ ထို့ကြောင့် အာရှတိုက်အတွင်း အာဏာရှင် များသည် မြန်မာ့နွေဦးတော်လှန်ရေးကို အနှောက်အယှက်ပေးသော အာဏာရှင်များဖြစ်နေပြီး မြန်မာနိုင်ငံ ဒီမိုကရေစီရရှိ ခြင်းသည် သူတို့အတွက် နစ်နာခြင်းဖြစ်မည်ကို ကြောက်ရွံ့နေကြပါသည်။ ထို့ကြောင့် ပြည်သူ့တော်လှန်ရေးကို ဖြိုခွဲပြီး ဒီ မိုကရေစီ လှုပ်ရှားမှုဟူသမျှကို ရက်ရက်စက်စက် တိုက်ခိုက်နေကြပါသည်။ အာရှတိုက်၏မျက်လုံးများနှင့် ကမ္ဘာ၏မျက်လုံးများသည် လွတ်လပ်ရေး၊ ဒီမိုကရေစီနှင့် ရက်စက်သော အာဏာရှင်စနစ်အကြား တိုက်ပွဲအပေါ်ကျ ရောက်နေပြီး ဤတော်လှန်ရေးကြီး၏ရလဒ်သည် အာရှတိုက်အပြင် တစ်ကမ္ဘာလုံးအတွက် ဒီမိုကရေစီအရေးနှင့် ပတ်သက်လာလျှင် အရေးကြီးလာမည်ဖြစ်သည်။ အာဏာရှင်စနစ်သည် ဆိုးရွားလှသော ကင်ဆာရောဂါနှင့် တူနေပြီး UK နိုင်ငံသည် ဒီမိုကရေစီအရေးနှင့် ပတ်သက်လာလျှင် ၎င်းကင်ဆာရောဂါ မပျံ့နှံ့ရလေအောင် ထိန်းချုပ်တားဆီးပေးသော နိုင်ငံများအနက် အရေးကြီးသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

မြန်မာနိုင်ငံအပေါ် ASEAN သဘောတူညီချက် (၅)ချက်ကို မြန်မာ့မြေပြင်ပေါ်မှာ အမြန်ဆုံးအကောင်အထည်ဖော်ရန် အရေးကြီးနေပြီး UK နိုင်ငံအနေဖြင့် ASEAN ၏အချက်(၅)ချက်နှင့် UN Security Council ၏ ဆုံးဖြတ်ချက် (၁၀)ချက် ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ဆောင်ပေးစေလိုပါသည်။ UK နိုင်ငံ၏ Universal Juridiction ဥပဒေအရ အကြမ်းဖက်စစ်ခေါင်းဆောင်များကို တရားစွဲပြီး သူတို့ကျူးလွန်ထားသော လူ့အခွင့်အရေးချိုးဖောက်ခြင်း အများအပြား၊ လူမျိုးတုံးသတ်ဖြတ်ခြင်းနှင့် စစ်ရာဇဝတ်မှုများ အားလုံးအတွက် ဥပဒေအရ အရေးယူပေးပြီး မြန်မာ ပြည်သူများ တရားမျှတမှုရရှိစေရေးကိုလည်း ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် မေတ္တာရပ်ခံလိုပါသည်။ အရေးကြီးဆုံးမှာ UK နိုင်ငံအနေဖြင့် NUG၊ NUCC ၊ CRPH တို့ကို မြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားပြု အစိုးရအဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြုပေးသည်သာမက မြန်မာနိုင်ငံနှင့်ပတ်သက်လာလျှင် ကျွန်တော်တို့နှင့် တရားဝင် ပူးပေါင်းပြီး ဆောင်ရွက် ပေးနိုင်ရန်လည်း မေတ္တာရပ်ခံလိုပါသည်။ UK နိုင်ငံအနေဖြင့် ဤကဲ့သို့ NUG၊ NUCC၊ CRPH တို့ကို တရားဝင် အသိအမှတ်ပြုခြင်းအားဖြင့် အကြမ်းဖက်စစ်ခေါင်းဆောင်များကို အသိအမှတ်မပြုခြင်း၊ မပေါင်းသင်းမဆက်ဆံခြင်း၊ မပူးပေါင်းခြင်းနှင့် သူတို့၏တရားမဝင်ခြင်းကို ထုတ်ဖော်ပြသခြင်းလည်းဖြစ်ပါသည်။

UK ပြည်သူ အများအပြားသည် မြန်မာပြည်သူများ ရင်ဆိုင်နေရသော အကျပ်အတည်းကြီး အပေါ်မှာ စိတ်ပူပေး သည့်အတွက်လည်း အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ UK နိုင်ငံသည် ဒုက္ခရောက်နေသော နိုင်ငံခြားပြည် သူများသို့ အကူအညီပေးရေးနှင့် လိုအပ်ချက်များကို Advocacy လုပ်ပေးပြီး လူသားချင်းစာနာထောက်ထားရေး၊ လူနေ မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံရေးအရ လွတ်မြောက်ရေးကို ကူညီပံ့ပိုးပေးလေ့ရှိသည့် သမိုင်းရှိသည်ကို ကျွန်တော်တို့

ခွန်အားယူမိပါသည်။ တနေ့ကျလျှင် ကျွန်တော်တို့၏မြန်မာနိုင်ငံသည်လည်း UK နိုင်ငံကဲ့သို့ ငြိမ်းချမ်းရေးကိုတွေ့မြင်လာပြီး ဖက်ဒရယ်ဒီမိုကရေစီကပေးသော လွတ်လပ်ခြင်းအခွင့်အရေးကို အပြည့်အဝ ခံစားနိုင်ကြလိမ့်မည်ဟု အမြဲတမ်းဆုမွန်ကောင်းတောင်းပြီး မျှော်လင့်နေမိပါသည်။ UK ပြည်သူအများအပြား၏စိတ်ထဲတွင် ဤအိပ်မက်နှင့် မျှော်လင့်ခြင်းများသည် ရှင်သန်နေပြီး ဤအိပ်မက်နှင့် မျှော်လင့်ခြင်းများကို မြန်မာ့မြေပြင်ပေါ်မှာ အမှန်တကယ် ဖြစ်လာနိုင်စေဖို့ရန်အတွက် UK နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို တတ်နိုင်သော အကူအညီဟူသမျှ ပေးလာလိမ့်မည်ဟု မျှော်လင့်တောင့်တရင်းနိဂုံးချုပ်အပ်ပါသည်။

May God Bless Myanmar!
May God Bless United Kingdom!
အရေးတော်ပုံ မုချအောင်ရမည်

ဒေါက်တာဆာဆာ

ပြည်ထောင်စု ဝန်ကြီး

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေး အစိုးရ

ပြည်ထောင်စု မြန်မာနိုင်ငံတော်